ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်လိုသူ မြန်မာနိုင်ငံသားများအတွက် အသိပေးနှိုးဆော်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လိုသူ မြန်မာနိုင်ငံသားများအနေဖြင့် အောက်ဖော်ပြပါအချက်များကို ဂရုပြုနိုင်ပါရန် အသိပေးဖော်ပြအပ်ပါသည်–

- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံကူးလက်မှတ်နှင့် သက်ဆိုင်ရာဗီဇာရယူလျက် လာရောက်ကြပါရန်၊
- မြန်မာ–တရုတ်နှစ်နိုင်ငံနယ်စပ်ဝင်/ထွက်ဂိတ်များမှ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များဖြင့် ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ပါ သတ်မှတ်ချက်များကို လိုက်နာကြပါရန်၊
- တရုတ်နိုင်ငံသို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များဖြင့် နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ဂိတ်များမှ ဝင်ရောက်လျက် အလုပ်လုပ်ကိုင်ခြင်း၊ မည်သည့်အထောက်အထားမျှမပါရှိဘဲ အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခွင့်ပါမစ်နှင့် သက်ဆိုင်ရာဗီဇာရယူခြင်းမရှိဘဲ ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်းများသည် တရားမဝင် အလုပ်လုပ်ကိုင်ခြင်းဖြစ်၍ အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးနိုင်ကြောင်း သတိပြုပါရန်၊
- မိမိ၏နိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်း၊ မိတ္တူများကို ကိုယ်နှင့်မကွာသိမ်းဆည်းထားကြရန်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း၌ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲကြုံတွေ့ရပါက မိမိရောက်ရှိရာ ဒေသရှိအနီးဆုံးရဲဌာနသို့ သွားရောက်အကူအညီ တောင်းခံနိုင်ပါကြောင်းနှင့် မြန်မာသံရုံး၊ ပေကျင်းမြို့၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် လိပ်စာများထံ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

ဖုန်းနံပါတ် – +၈၆ ၀၁၀ ၆၅၃၂ ၀၃၅၁ လိုင်းခွဲ ၂၄, ၂၃ / +၈၆ ၀၁၀ ၆၅၃၂ ၄၅၅၄
လိပ်စာ – No. 6 Dong Zhi Men Wai Street, Chao Yang District, Beijing 100600
People’s Republic of China

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING